KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ**

၂၀၁၅ခုနှစ် ဩဂုတ်လ ၂၈ရက်   / KHRG မှတ်တမ်းလွှာအမှတ် #  15-5-I1

---

# ဒူးပလာယာ  မှုခင်းဆိုင်ရာတင်ပြချက် :  ၂၀၁၄ ခုနှစ် အောက်တိုဘာလ၊ ဂင်းရေးမြို့နယ်တွင် ဖြစ်ပွားခဲ့သော လူသတ်မှု

---

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာတွင် ကရင်အမျိုးသားအစည်းအရုံး (KNU) တပ်ရင်းအမှတ် (၁၆)၏ ဒုတပ်ရင်းမှူးစောဖိုးစေးမှ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)၏ ရဲဂန်ထမ်း ငါးဦးကို အတင်းအဓမ္မဖမ်းဆီးခြင်း၊ နှိပ်စက်မှုပြုခြင်း၊ နှင့်ဥပဒေမဲ့သတ်ဖြတ်ခြင်း စသောအကြောင်းအရာများကို ဖော်ပြပါသည်။ သေသွားသောKNU ရဲများ၏ မိဘများမှ အဘာယ်ကြောင့်၎င်းတို့ ကိုသတ်ခဲ့သနည်း ဟုမေးရာ စောဖိုးစေးက ၎င်းတို့ စိတ်ဖောက်ပြန်သောကြောင့်သတ်ခဲ့သည်ဟု ဖြေကြားခဲ့သည်။ ဤအဖြစ်အပျက်သည် ၂၀၁၄ခုနှစ် အောက်တိုဘာလ ၁၈ ရက်၊ ဒူးပလာယာခရိုင်၊ ဂင်းရေးမြို့နယ်၊ နှစ်အိမ်ကျေးရွာတွင် ဖြစ်ပွားခဲ့သည်။ ဤအဖြစ်အပျက်ဖြစ်ပွားပြီးနောက် သေသွားသောရဲများ၏ မိဘများမှ ဤအမှုကို KNU၏ မြို့နယ်၊ခရိုင်နှင့် ဌာနချုပ်အဆင့်ရှိ ခေါင်းဆောင်များကို ဤလူသတ်မှုကို စုံစမ်းစစ်ဆေးရန် တင်ပြခဲ့သည်။ KNU မှအမှုကို စုံစမ်းမေးမြန်းရန် ကော်မတီတရပ်ဖွဲ့ စည်းလိုက်ပြီး၊ နောက်တွင် စောဖိုးစေးကို ဖမ်းဆီးထားပြီး ဒူးပလာယာခရိုင်ရှိ KNU ခရိုင်တရားရုံးတွင် တရားစွဲဆိုခဲ့သည်။ ၎င်းကိုသေဒဏ်ဖြင့်ချမှတ်ခဲ့ပြီးနောက် ၎င်းကို ၂၀၁၅ခုနှစ် ဩဂုတ်လ ၈ ရက်နေ့ တွင်ကွပ်မျက်ခြင်းခံခဲ့ရသည်။*

---

## မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ၊ ဒူးပလာယာခရိုင်၊ ဂင်းရေးမြို့နယ် (၂၀၁၄ခုနှစ် အောက်တိုဘာလ)

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာသည် ကရင်လူ့ အခွင့်အရေးအဖွဲ့ KHRGမှဒေသတွင်းလူ့ အခွင့်အရေးအခြေအနေများကိုလေ့လာမှတ်သားရန်လေ့ကျင့်သင်ကြားပေးထားသောဒေသ ခံအဖွဲ့ ဂင်တစ်ဦးမှဖော်ခြင်းဖြစ်သည်။* [1]

---

[1] ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG က လေ့ကျင့်သင်ကြားပေးသော မြန်မာပြည် အရှေ့တောင်ပိုင်းရှိဒေသခံ အဖွဲ့ များအား လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်ပျက်မှုသတင်းအချက်အလက် တစ်ခုချင်းစီအား စံညွှန်းပုံစံ အချို့ အစားများနှင့်အညီ ရွာသားများအား ဖြစ်ရပ်ဆိုင်ရာ အင်တာဗျူးခြင်း နှင့် ၎င်းတို့ရင်နှီးသော နေရာဒေသများတွင် အထွေထွေနောက်ဆုံး ရအခြေအနေများအားတင်ပြခြင်းတို့ကို စုဆောင်းရန်

*ဤသတင်းလွှာသည် ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီ လတွင် ဒူပလာယာခရိုင်မှ အခြားသောသတင်းအချက်အလက်များနှင့်အတူ လက်ခံရရှိခဲ့ပြီး အခြားသော သတင်းအမျိုးအစားများဖြစ်ကြသော ဒေသတွင်းနောက် ဆုံးအခြေအနေသတင်း ဖော်ပြချက်မှတ်တမ်း ၁ စောင်၊ ဓါတ်ပုံ ၃၈၂ပုံ နှင့်ဗီဒီယို ၆ခုတို့ နှင့်တကွလက်ခံရရှိခဲ့ လသည်။*[2]

( မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် နေထိုင်သောရွာသားများ၏ အဖြစ်အပျက်များကိုအသံသွင်း ယူထား၍ တွေ့ဆုံမေးမြန်း ခြင်းဖြင့် ရွာသားများကိုယ်တိုင် ပြောဆိုချက်များကို စုဆောင်းရယူ ပါသည်။တွေ့ဆုံမေးမြန်းမှု ပြုလုပ်သော ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဝန်ထမ်းများကို တွေ့ဆုံမေးမြန်း ရာတွင် လမ်းညွှန်ချက်ပေးထားသည့်အတိုင်း မေးမြန်းရန်နှင့် ရွာသားများကိုလက်ရှိအခြေအနေတွင် ဖြစ်ပေါ်နေသောအကြောင်းအရာများကို လွတ်လပ်စွာထုတ်ဖော်ပြောကြားရန် အားပေးစေပါသည်။ ထို့အပြင် ရွာသားများမှ အရေးကြီးသည်ဟု ထင်မြင်သော အကြောင်းအရာများကိုလည်း ထုတ်ဖော်ပြောကြားရန်၊ လူ့အခွင့်အရေး ချိုးဖောက်မှုပြုခံနေရခြင်းနှင့် ပတ်သက်၍လည်းရွာသားများ၏အမြင်၊ ရှုထောင့်ကို မျှဝေပြောကြားရန် အားပေးစေပါသည်။)

## <u>အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ</u>

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | လူသတ်မှု |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက် |
| **အခင်းဖြစ်ပွားသည့်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်)** | ဒူးပလာယာခရိုင်၊ ဂင်ရေးမြို့နယ်၊ နှစ်အိမ်ကျေးရွာ |

---

လေ့ကျင့်သင်ကြားပေးပါသည်။ ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာပြုစုရာတွင် ဒေသခံအဖွဲ့ဝင် များကို ၎င်းတို့အရေးကြီးသည်ဟုယူဆသော လူ့အခွင့်အရေး ချိုးဖောက်သောဖြစ်ပျက်မှုများအား ၎င်းတို့အားဖြင့် စီးစစ်အတည်ပြုထားပြီးသော မှုရင်းအထောက်အထား များနှင့်ဒေသအတွင်း ပြောင်းလဲဖြစ် ပေါ်မှုများ အားနှိုင်းယှဉ်ခြင်းတို့ကို လေ့လာမှတ်သားရန်အားပေးတိုက်တွန်း ထားပါသည်။ (please see in below, for the whole paragraph )

[2] ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG၏ စည်းစနစ်အကြောင်းအရာများအားပို၍ထိုးဖောက်မြင်နိုင်ရန် နှင့် ကိုယ်တွေ့တိုက်ရိုက် ဆက်သွယ်မှုများနှင့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိရွာသူရွာသားများ၏ အမြင်ရှုထောင့်များတင်းပြခြင်း၊ KHRG၏အဓိကလုပ်ဆောင်မှုရည်မှန်းချက်တစ်ခုမှာကွင်းဆင်းလေ့လာ သူများထံမှလက်ခံရရှိသောသတင်းများအားလုံးကိုလုပ်ငန်းစဉ်အတိုင်းလုပ်ဆောင်ပြီးဘာသာပြန်၍ပြစ်မှုကျူး လွန်ခြင်းခံရသူများ၏လုံခြုံရေးနှင့်ပတ်သက် သောအကြောင်းအရာများအားစိစစ်ဖြတ်တောက်ခြင်းများ ပြုလုပ်ပြီးနောက်KHRG၏ဝက်ဘ်ဆိုက်တွင‌ဖေါ်ခြင်းဖြစ်သည်။ အခြားသောအစီရင်ခံစာများမှာ နေရာဒေသ၊ ခုနှစ်၊အကြောင်းအရာ၊အမျိုးအစားအလိုက်ခွဲထားပြီးဤသတင်းနှင့်ပတ်သတ်သော အခြားသောအကြောင်းအရာများအားဆက်လက်ဖတ်ရှုရန် ကျေးဇူးပြု၍ အစီရင်ခံစာတစ်ခုချင်းစီအား KHRG ဝက်ဘ်ဆိုက်တွင်ဖက်ရှုပါ။

| | |
|---|---|

| စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | | | | | |
|---|---|---|---|---|---|
| ***အမည်*** | ကိုသိန်းဦး | မောင်ဂင်းကြိုင် | ကျော်ချစ် | ဘွေဂါး | တချေ |
| **အသက်** | ၄၅ | - | ၃၁ | - | ၂၈ |
| **ကျား/မ** | ကျား | ကျား | ကျား | ကျား | ကျား |
| **လူမျိုး** | ကရင် | ကရင် | ကရင် | ကရင် | ကရင် |
| **မိသားစုရှိ/မရှိ** | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| **အလုပ်အကိုင်** | KNU ရဲ | KNU ရဲ | KNU ရဲ | KNU ရဲ | KNU ရဲ |
| **ကိုးကွယ်သည့် ဘာသာ** | ဗုဒ္ဓဘာသာ | ဗုဒ္ဓဘာသာ | ဗုဒ္ဓဘာသာ | ဗုဒ္ဓဘာသာ | ဗုဒ္ဓဘာသာ |
| **ရာထူးအဆင့်** | KNU ရဲ | KNU ရဲ | KNU ရဲ | KNU ရဲ | KNU ရဲ |
| **နေရပ် ရွာအမည်** | ထို့မော်ထို | မုန့်လုံးတောင် | မအူ | ဖောထီး | သစ်ကတဲ့ |

| ပြစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | | | | |
|---|---|---|---|---|
| **အမည်** | **ရာထူး** | **စစ်ကြောင်း၊တပ်ရင်း၊ တပ်မ** | **အခြေစိုက်သည့်နေရာဒေသ** | **အထက်အရာရှိ အမည်** |
| စောဖိုးစေး | ဒုဗိုလ် | တပ်ရင်း | နစ်အိမ်ကျေးရွာ၊ဂင်ရေးမြို့နယ်<br>(ဇာတိ-ကြာအင်းမြို့နယ်) | ဒုဗိုလ်မှူး တင်လှိုင် |

## အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| **(၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကိုရှင်းပြပါ။** |
| --- |
| ကျွန်တော်သည် သတင်းယူရန်အတွက် ထွဲမော်ထိုကျေးရွာသို့သွားခဲ့သည်။ထို့နောက် သိန်းဦး၏ မိဘများ၊ကလေးများ၊ဇနီးနှင့်မောင်နှမများနှင့် တွေ့ဆုံခဲ့သည်။ |

| **(၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်းမည်သို့ဖော်ပြလိုပါသနည်း။ ၄င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို)ရေးမှတ်ပေးပါ။** |
| --- |
| ဤသတင်းအချက်အလက်သည်မှန်ကန်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် သေဆုံသွားသော တာချေ၏ ဇနီးနှင့် သိန်းဦး၏မိသားစုတို့မှ သတင်းသွားယူခဲ့သည်။ တာချေ၏မိသားစုက "နင်ကျွန်မတို့အတွက်စာရေးပေးလို့ရမလား။ ကျွန်မတို့ နင့်ကို ရှင့်ပြပေးမယ်" ဟု ပြောခဲ့သည်။ သိန်းဦး၏အသုဘချသည့် ခွေကိုလည်း KHRGသို့ ပို့ပေးခဲ့သည်။ |

## အဆင့် ၃- အခင်းဖြစ်ပွားပုံ

| **အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။ အခင်းဖြစ်ပွားသည့်အသေးစိတ် အချိန်၊ နေရာဒေသ၊ ဘာဖြစ်ပျက်ခဲ့သလဲ၊ ဘယ်လိုဖြစ်ပျက်ခဲ့သလဲ၊ ပြစ်မှုကျူးလွန်ခံရသူကဘယ်သူ တွေလဲ၊ ပြစ်မှုကျူးလွန်သူတွေက ဘယ်သူတွေလဲ၊ ဘာကြောင့်အခင်းဖြစ်ပွားရသလဲ ဆိုသည့်အချက် အလက် များကို တိကျမှန်ကန်စွာရေးသားဖော်ပြပေးပါ။ ထို့အပြင်အခင်းဖြစ်ပွားသည့်အချိန်တွင် ရွာသူ ရွာသား များဘာတွေလုပ်ခဲ့သလဲ၊ အခင်းဖြစ်ပွားသည့် နောက်ဆက်တွဲပြဿနာနှင့် လက်ရှိကျူးလွန်ခံ ရသူတို့၏ အခြေအနေများကို လည်းရေးသားဖော်ပြပေးပါ။ ကျေးဇူးပြု၍ အောက်ပါပေးထားသောနေရာ တွင်ဖြေဆိုပါ။ နေရာမလုံလောက်ပါက နောက်ထပ်စာရွက်အသစ်တစ်ခုနှင့်ပူးတွဲ၍ဖော်ပြပေးနိုင်ပါ သည်။** |
| --- |
| ဤအဖြစ်အပျက်သည် ဒူးပလာယာခရိုင်၊ ဂင်းရေးမြို့နယ်၊ နစ်အိမ်ကျေးရွာတွင် ဖြစ်ပွားခဲ့သည်။ ၎င်းသည် လူသတ်မှုဖြစ်ပါသည်။ ၎င်းအမှုဖြစ်ပွားစဉ်တွင် ကျွန်တော်ကိုယ်တွေ့မမြင်ရသော်လည်း သေခဲ့သောသူ၏ မိဘများနှင့် အိမ်နီးနားချင်းတို့နှင့် သွားတွေ့ စကားပြောဖြစ်ခဲ့သည်။ ၂၀၁၄ခုနှစ် အောက်တိုဘာလ ၁၈ရက်နေ့တွင် ၎င်းတို့ဆေးသောက်ပြီး၎င်းတို့ကိုယ်ကိုသတ်သေကြောင်း ရွာသားတစ်ဦးဖြစ်သည့် ဖိုးသောက်ကြာမှ ၎င်းတို့၏မိဘများကို သွားအကြောင်းကြားခဲ့သည်။ ၎င်းတို့မိဘများက KNU၏ဒုတပ်ရင်းမှူး စောဖိုးစေးကိုသွားမေးသောအခါ စောဖိုးစေးက ၎င်းတို့ကိုသတ်ခဲ့ပြီးပြီ ဟုဖြေကြားခဲ့ပါသည်။ မိဘများက ၎င်းတို့ကို အဘယ်ကြောင့်သတ်ခဲ့သနည်း ဟုမေးရာ စောဖိုးစေးက ၎င်းတို့စိတ်ဖောက်ပြန်သောကြောင့်သတ်ခဲ့သည်ဟု ဖြေကြားခဲ့သည်။ ၎င်းတို့ကိုသတ်ခဲ့သောသူမှာ စောဖိုးစေးဖြစ်ပါသည်။ စောဖိုးစေးသည် ဗိုလ်သင်တန်းဆင်းတစ်ဦးဖြစ်ပြီး တပ်ရင်းအမှတ် (၁၆) တပ်ရင်းမှူး မန်းတင်လှိုင်၏ အနီးကပ်လူယုံတစ်ဦးလည်းဖြစ်ပါသည်။ စောဖိုးစေးသတ်ခဲ့သောသူများသည် ပညာတတ်သောသူများဖြစ်ပြီး ရာထူးအဆင့်ရှိသောသူများလည်းဖြစ်ပါသည်။<br>စောဖိုးစေးသည် ကြာအင်းဆိတ်ကြီးမြို့နယ်တွင် မွေးဖွားပြီးကြီးပြင်းလာခဲ့သောသူတစ်ဦးဖြစ်ပါသည်။ |

ဤအဖြစ်အပျက်မဖြစ်ပွားမီ တပ်ရင်းအမှတ် (၁၆) ဒုတပ်ရင်းမှူး စောဖိုးစေးက လွတ်ရှမ်းကျေးရွာရှိ KNUရဲဂုန်ထမ်း ငါးဦးကိုဖမ်းဆီးခဲ့ပြီး ၎င်းတို့၏သေနတ်များကိုလည်း သိမ်းယူခဲ့သည်။ ၎င်းတို့ကို နှစ်အိမ်ကျေးရွာသို့ ခေါ်ဆောင်လာမှု မပြုချိန်တွင် တပ်ရင်မှူးက "နင်တို့အပြစ်ရှိတယ်" ဟုပြောပြီး ၎င်းတို့ကိုကြိုးဖြင့်ချည်နှောင်ထားခဲ့သည်။ ထို့နောက်၎င်းတို့ကို နှိပ်စက်မှု ပြုခဲ့သည်။ အသတ်ခံခဲ့သောသူများသည် ကရင်လူမျိုးများဖြစ်ပြီး KNU၏ရဲဂုန်ထမ်းများ လည်းဖြစ်ကြပါသည်။ ၎င်းတို့သည်အိမ်ထောင်ရှိသောသူများလည်းဖြစ်ကြသည်။
နှစ်အိမ်ကျေးရွာသို့သွားရန်အခွင့်အရေးမရှိ၊သွား၍မရဲသောကြောင့် ၎င်းတို့ကို အဘယ်ကြောင့် အသတ်ခံခဲ့ရသနည်းဟု ကျွန်တော်မသိပါ။ ကျွန်တော် ၏လုံခြုံရေးအတွက် စိုးရိမ်သောကြောင့် သတင်းသွားယူရန်ဆန္ဒမရှိတော့ပါ။ ဤထက်ပိုပြည့်စုံသောသတင်း ကျွန်တော်မရေးနိုင်တော့ပါ။ ဤလောက်ပင် ရေးပေးနိုင်ပါသည်။ ရွာသူရွာသားများသည် ဤအမှုကို အများပြည်သူများကိုရှင်း ပြစေချင်ပါသည်။ ဤအမှုကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)ဆီကို မတင်ပြရသေးပါ။ ဤအမှုကို လူ့အခွင့်အရေးအဖွဲ့အစည်းများကိုသာ တင်ပြပါသည်။

## အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

| **ရွားသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား၊ မည်ကဲ့သို့သောနည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။** |
|---|
| ဤသတင်းအချက်အလက်များကို အသုံးပြုရန်ခွင့်ပြုထားပါသည်။ ၎င်းတို့သည် KHRG အား ဤသတင်းကို အင်တာနက်ပေါ်တွင် မှန်မှန်ကန်ကန် ရှင်းပြစေချင်ပါသည်။ |